ASEAN +3 MACROECONOMIC RESEARCH OFFICE

10 Shenton Way
#15-08, MAS Building
Singapore 079117
T: +65 6323 9844
F: +65 6223 8187
www.amro-asia.org

**သတင်းထုတ်ပြန်ချက်**

---

# ကမ္ဘာ့ကုန်သွယ်ရေး တင်းမာမှု မြင့်မားလာပြီး ပြင်ပ ဆန့်ကျင်အားများ ပိုမိုပြင်းထန်လာစေကာမူ ASEAN+3 ဒေသ၏ စီးပွားရေးမှာ ဆက်လက် ကြံ့ကြံ့ခံနိုင်မည်

*ဒေသသည် အပြန်အလှန်အကျိုးပြု ဆက်ဆံရေးကို အကောင်းဆုံးအသုံးချပြီး၊ နည်းပညာကို ကြိုဆိုကာ၊ နိုင်ငံစုံ အဖွဲ့စုံပါဝင်ရေးနှင့် ဒေသပေါင်းစည်းရေးကို အကောင်းစေသင့်သည်။*

**FIJI၊ မေ ၁ ရက်၊ ၂၀၁၉ –** ကမ္ဘာ့စိုးရိမ်မှုများ မြင့်မားကာ ပြင်ပဆန့်ကျင်အားများ ပိုမိုပြင်းထန်လာစေကာမူ ASEAN+3 ဒေသ၏ စီးပွားရေးသည် ဆက်လက်ကြံ့ကြံ့ခံနိုင်ပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် ၂၀၁၉-၂၀၂၀ တွင် အနည်းငယ်ပိုနေးသောနှုန်းဖြင့် တိုးတက်ရန် ခန့်မှန်းသည်ဟု ASEAN+3 မက်ခရိုစီးပွားရေး သုတေသနရုံး (AMRO) က ယနေ့ထုတ်ပြန်သည့် နှစ်စဉ်အစီရင်ခံစာက ဆိုသည်။

ASEAN+3 ဒေသဆိုင်ရာ စီးပွားရေးအလားအလာ (AREO) ၂၀၁၉ သည် ဒေသ၏ စီးပွားရေးအလားအလာ၊ ဒေသတွင်းနိုင်ငံများ ရင်ဆိုင်နေရသည့် အန္တရာယ်နှင့် စိန်ခေါ်မှုများကို အကဲဖြတ်ထားသည်။ ယခုနှစ် အစီရင်ခံစာတွင် ဘာသာရပ်ဆိုင်ရာ လေ့လာမှုခေါင်းစဉ်မှာ *"စီးပွားရေးခေတ်သစ်အတွက် ချိတ်ဆက်မှုနှင့် စွမ်းရည် မြှင့်တင်ရေး"* ဟူ၍ ဖြစ်သည်။

*"ယခင်နှစ်က ၅.၃% ရှိခဲ့သော ဒေသဆိုင်ရာ ကြီးထွားမှုမှာ ၂၀၁၉ တွင် ၅.၁% နှင့် ၂၀၂၀ တွင် ၅.၀% သို့ ကျဆင်းလာသော်လည်း ရေရှည်စီးပွားရေး အခြေခံကောင်းများမှာ မပျက်မယွင်း တည်ရှိနေပါတယ်"* ဟု AMRO စီးပွားရေးအရာရှိချုပ် Dr Hoe Ee Khor က ပြောသည်။

*"စီးပွားရေးကျဆင်းမယ့် အန္တရာယ်ကိုလျှော့ချပြီး ပြင်ပအခြေအနေတွေ ပိုဆိုးလာရင် စီးပွားရေးကို ထောက်ပံ့ဖို့ ဒေသတွင်းက မူဝါဒချမှတ်သူတွေဟာ ငွေရေးကြေးရေးနဲ့ ဘဏ္ဍာရေးမူဝါဒတွေကို ဖြေလျှော့ဖို့ အဆင်သင့် ရှိနေကြပါတယ်"* ဟု သူကဆိုသည်။

ဒေသက ရင်ဆိုင်နေရသည့် စီးပွားရေးကျဆင်းမည့် အန္တရာယ်များမှာ အဓိကအားဖြင့် ပြင်ပအခြေအနေဖြစ်ကာ တင်းမာမှု ပိုမိုမြင့်မားလာသည့် ကမ္ဘာ့ကုန်သွယ်ရေး၊ ကမ္ဘာ့စီးပွားရေးကြီးထွားမှု ကြီးကြီးမားမား ကျဆင်းလာမှုနှင့် ငွေကြေးဈေးကွက် မတည်ငြိမ်မှုများမှ မြစ်ဖျားခံခြင်းဖြစ်သည်။ ထိုသို့ အနည်းငယ်ကျဆင်းမည့် အလားအလာရှိစေကာမူ၊ ကြီးထွားလာသည့် လူလတ်တန်းစားအလွှာ၊ မြန်ဆန်သည့် မြို့ပြဖွံ့ဖြိုးမှုနှင့် ဒစ်ဂျစ်တယ်နည်းပညာ ကျင့်သုံးလာမှုများအကြား အားကောင်းသည့်စားသုံးမှုနှင့် ဒေသတွင်းကုန်သွယ်မှုများ၏

အထောက်အကူပြုမှုဖြင့် ဒေသ၏ ရေရှည်စီးပွားရေးအခြေခံများမှာ ကောင်းမွန်နေဆဲ ဖြစ်သည်။

သို့ရာတွင် ကျဆင်းမည့် အန္တရာယ်များ ပိုမိုကြီးမားလာပါက၊ မူဝါဒချမှတ်သူများအတွက် အခက်အခဲ ကြုံတွေ့ရနိုင်သည်။ လက်ရှိ အကြီးစားငွေရေးကြေးရေး မူဝါဒများမှာ ယေဘုယျအားဖြင့် သင့်တော်သော်လည်း ဒေသတွင်းရှိ အာဏာပိုင်များမှာ ငွေကြေးတည်ငြိမ်မှုကိုထိန်းရင်း တိုးတက်မှုကို အကာအကွယ်ပေးမည့် မူဝါဒ အရောကို ပြန်လည်ချမှတ်ရန် အဆင်သင့်ဖြစ်နေသင့်သည်။ ၎င်းတို့တွင် သင့်တော်သည့်နေရာ၌ ငွေကြေးမူဝါဒ ဖြေလျော့ခြင်း၊ အဆောက်အအုံပြုပြင်ရေးကို အားပေးရန် ရည်မှန်းဘဏ္ဍာရေးလုပ်ငန်းနှင့် အဆောက်အအုံ မူဝါဒများ ပေါင်းစပ်လျက် အထောက်အကူပြု ဘဏ္ဍာရေးမူဝါဒကို ရေရှည်တည်တံ့စေခြင်း၊ ငွေကြေးထိခိုက်နိုင် ချေများမှ ကာကွယ်ရန် တင်းကြပ်သော မက်ခရိုငွေရေးကြေးရေးမူဝါဒကို ထိန်းသိမ်းခြင်းတို့ ပါဝင်သည်။

ဒေသကြီးထွားမှု အလားအလာကို ကူညီပြီး ကြံ့ကြံ့ခံနိုင်မှုကို အားပေးရန်၊ ASEAN+3 သည် ရေရှည် မူဝါဒများ၊ အထူးသဖြင့် စတုတ္ထအကြိမ်မြောက် စက်မှုတော်လှန်ရေးကို အကောင်းဆုံးအသုံးချကာ စီးပွားရေးခေတ်သစ်၌ တိုးတက်မှုကို ရေရှည်ဖြစ်ထွန်းစေမည့် စွမ်းရည်နှင့်ချိတ်ဆက်မှု မြှင့်တင်ရေးကို အလေးပေးသည့် မူဝါဒများကို ဦးစားပေးသင့်သည်။ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ AREO ၂၀၁၉ သည် ပို့ကုန်ထုတ်လုပ်ခြင်း မဟာဗျူဟာဖြင့် ဆယ်စုနှစ် ၂ ခုကြာ တိုးတက်ခဲ့သော ဒေသအနေဖြင့် မည်သို့ဆောင်ရွက်နိုင်မည်ကို ဘာသာရပ်ဆိုင်ရာ လေ့လာမှု ပြုလုပ်ထားသည်။

ကာလလတ်နှင့် ကာလရှည်၌ ဒေသ၏စွမ်းရည်နှင့် ချိတ်ဆက်မှု ဦးစားပေးမှုများကို အဓိက မောင်းနှင် အား သုံးခုက ပုံဖော်သွားမည်ဖြစ်သည်။ ၎င်းတို့မှာ စတုတ္ထအကြိမ်မြောက် စက်မှုတော်လှန်ရေး သို့မဟုတ် ပို၍ ကျယ်ကျယ် ပြန့်ပြန့် ပြောဆိုပါက စီးပွားရေးခေတ်သစ်ဆီသို့ ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲမှုမှ ပေါ်ထွန်းလာသော လိုအပ်ချက်များ၊ အရှေ့အာရှ၏ ကြီးမားလာသည့် လူလတ်တန်းစားနှင့်တကွ ပြည့်ဝပြီး ပိုမိုကြွယ်ဝလာသည့် လူဦးရေနှင့် ဒေသတွင်းဝယ်လိုအားနှင့် ကုန်သွယ်မှုနှင့် နည်းပညာကဏ္ဍ ကိုယ်ကျိုးစီးပွားကာကွယ်လိုမှုတို့မှ ဖြစ်ထွန်းလာ သည့် ဆန့်ကျင်အားများအကြား တင်းမာမှုတို့ဖြစ်သည်။

အဆိုပါ နောက်ခံအခြေအနေတွင်၊ ဒေသတွင်းရှိ ဖွံ့ဖြိုးဆဲနိုင်ငံများမှာ တိုးတက်မှုအတွက် စိန်ခေါ်မှု သုံးခုကို ဆက်လက်ရင်ဆိုင်နေရပြီး ၎င်းတို့မှာ ငွေကြေးထောက်ပံ့မှု၊ နိုင်ငံခြားငွေကြေးနှင့် အခြေခံ အကြောင်းရင်း ကွာခြားချက်တို့ ဖြစ်သည်။ ငွေကြေးထောက်ပံ့မှု ကွာခြားချက်သည် ဝင်ငွေနိမ့်နိုင်ငံများ၌ ပြည်တွင်းစု ဆောင်းမှုနည်းခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်များခြင်းအကြား ကွာဟချက်ဖြစ်ကာ နိုင်ငံခြားငွေ ကွာခြားချက်မှာမူ၊ ငွေအရင်းအနှီး ရုတ်တရက် စီးထွက်ခြင်းအန္တရာယ်ကို လျှော့ချရေး အရန်နိုင်ငံခြားငွေ စုဆောင်းရန် ဖြစ်ထွန်းစ စီးပွားရေးများအပေါ် ငွေကြေးအကန့်အသတ်ရှိမှု ဖြစ်သည်။ အခြေခံ အကြောင်းရင်း ကွာခြားချက်မှာ ငွေကြေးမဟုတ်သော အကန့်အသတ်များဖြစ်ကာ လူသားအရင်းအနှီး၊ ကျွမ်းကျင်မှု၊ နည်းပညာစွမ်းရည်နှင့် အုပ်ချုပ်ရေး မူဘောင်လိုအပ်ချက်များ ပါဝင်သည်။

အဆိုပါ စိန်ခေါ်မှုများကို ကိုင်တွယ်ရာတွင် ASEAN+3 နိုင်ငံများသည် ဒေသတွင်းစုဆောင်းမှုနှင့် ရင်းနှီး မြှုပ်နှံမှုကို အကောင်းဆုံးအသုံးချရန်၊ ချင်းမိုင် နိုင်ငံစုံ အဖွဲ့စုံ ပါဝင်သောအဖွဲ့ (CMIM) အပါအဝင် ဒေသတွင်း

ငွေကြေး လုံခြုံစိတ်ချမှု ကွန်ယက်များကို အားကောင်းစေရန်နှင့် ASEAN+3 ၏ နည်းပညာစွမ်းရည်၊ ကဏ္ဍအမျိုးမျိုး၌ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုဖွံ့ဖြိုးရေး အားထုတ်မှုကို နှစ်ဆတိုးမြှင့်ကာ အဖွဲ့အစည်းများ တိုးတက်ရေး၊ အုပ်ချုပ်မှု ကောင်းမွန်ရေးကိုလည်း အားကောင်းစေရန် အထူးလိုအပ်သည်။

*"ASEAN+3 ဒေသရဲ့ လျင်မြန်တဲ့ စီးပွားရေးတိုးတက်မှုက အခြေခံအဆောက်အအုံ လိုအပ်ချက် အသစ်ကိုဖြစ်စေကာ ခန့်မှန်းထားတဲ့ ရင်းနှီးမြှုပ်နှံမှုလိုငွေကိုပြည့်ဖို့ စုပေါင်းအာရုံစိုက်မှုကို အားကောင်းစေမှာပါ"* ဟု Dr Khor က ပြောသည်။ *"နည်းပညာပါဝင်မှု ကြီးမားပြီး ဝန်ဆောင်မှုမောင်းနှင်တဲ့ စီးပွားရေးခေတ်သစ်ဆီ အကူးအပြောင်းက ဒေသက ရင်ဆိုင်နေရတဲ့ သမရိုးကျ ကွာခြားချက်တွေကနေ ပေါ်ထွက်လာတဲ့ ဖိအားတွေကို ပိုမိုထင်ရှားစေနိုင်တယ်။ နောက်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံတွေဟာ လူသားအရင်းအနှီးမှာ ရင်းနှီးမြှုပ်နှံပြီး ဒေသတွင်း အပြန်အလှန် အကျိုးပြုမှုတွေကို အကောင်းဆုံးအသုံးချဖို့ မလွဲမသွေ ဖြစ်လာကြမယ်။ ဒါကြောင့် ASEAN+3 ဒေသအနေနဲ့ နည်းပညာ၊ ပေါင်းစည်းမှုနဲ့ နိုင်ငံစုံ အဖွဲ့စုံဝါဒကို လက်ကမ်းကြိုဖို့နဲ့ ဒေသဆိုင်ရာ ငွေကြေး ဘေးကင်းမှုကွန်ယက်ကို ဆက်ပြီး အားကောင်းစေဖို့ အရင်ကထက် ပိုပြီး လိုအပ်လာနေပါတယ်။"*

**AMRO အကြောင်း -**

ASEAN+3 မေခရိုစီးပွားရေး သုတေသနရုံး (AMRO) သည် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ၁၀ နိုင်ငံ၊ တရုတ်၊ ဟောင်ကောင်-တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ ပါဝင်သော ASEAN+3 ဒေသ၏ မေခရိုစီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ တည်ငြိမ်မှုရှိစေရန် အတွက် ကူညီရန် ဖွဲ့စည်းထားသော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းဖြစ်သည်။ AMRO ၏ တာဝန်မှာ မေခရိုစီးပွားရေး စောင့်ကြည့်လေ့လာခြင်း ဆောင်ရွက်ရန်၊ ဒေသဆိုင်ရာ ငွေရေးကြေးရေး အစီအစဉ်ဖြစ်သည့် ချင်းမိုင် နိုင်ငံစုံ အဖွဲ့စုံ ပါဝင်သောအဖွဲ့ (CMIM) အကောင်အထည်ဖော်ဆောင်ရေးအား ကူညီ ပံ့ပိုးရန်နှင့် အဖွဲ့ဝင်များအား နည်းပညာအကူအညီပေးရန်တို့ ဖြစ်သည်။

**နောက်ထပ်သတင်းအချက်အလက်များအတွက် ဆက်သွယ်ရန်**

Huong Lan Vu (Ms.), ပြည်သူ့ဆက်ဆံရေးအရာရှိ
အီးမေးလ်။ vu.lanhuong@amro-asia.org
မိုဘိုင်းဖုန်း။ +65 88763598
ဝဘ်ဆိုဒ်၊ www.amro-asia.org
LinkedIn | Flickr | YouTube: AMRO Asia

*ကြေညာချက်။ [မြန်မာ] ဘာသာဖြင့် ထုတ်ဝေမှုသည် မူရင်းအင်္ဂလိပ်ဘာသာကို ဘာသာပြန်ထားခြင်း ဖြစ်သည် (မူရင်းကို ဒေါင်းလုပ်ရယူရန် စကင်ဖတ်ပါ)။ ဘာသာပြန် တိကျစေရန် အဖက်ဖက်မှ အားထုတ်ထားသော်ငြားလည်း၊ ကွဲလွဲမှုတစ်စုံတစ်ရာရှိပါက မူရင်း အင်္ဂလိပ်ဘာသာသည်သာ အတည်ဖြစ်သည်။*